# အလုပ်ကို ဦးနှောက်သုံး၍ လုပ်ပါ။ ကြိုးစား မလုပ်ပါနှင့်။ (Work Smart, Not Hard)

အနောက်နိုင်ငံရှိ ကုမ္ပဏီမှ အုပ်ချုပ်သူများသည် ဤ Work smart, not hard ဆိုသော ဆောင်ပုဒ်ကို အထူး ပြောကြပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်ပါပုံ နှစ်ပုံတွင် ကြည့်ပါ။ လူနှစ်ဦးအားထုတ်ကာ ကျောက်တုံး တစ်တုံးကို မရွှေ့နေလျှင် မည်သည့်အချိန်တွင် သတ်မှတ်သည့် နေရာသို့ ရောက်မည်နည်း။ အလားတူ ကျောက်တုံးကို ဦးနှောက်သုံး၍ ကုတ်ဖြင့်ကော်သော် အချိန်တိုအတွင်း သတ်မှတ်သည့်နေရာသို့ လွယ်လင့်တကူ ရောက်နိုင်သည်မှာ မလွဲမသွေ ဧကန်မုချပင်ဖြစ်ပါသည်။ ဤနေရာတွင် ကျွန်တော့်၏ အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ ကျွန်တော် အမေရိကန်ပြည်ထောင်စုရှိ ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်စဉ်အခါက တွေ့ကြုံခဲ့ရသော အတွေ့အကြုံ တစ်ခုလည်း ဖြစ်ပါသည်။ ကျွန်တော့်ကုမ္ပဏီမှာ လက်ကိုင် ကွန်ပျူတာများကို ပြုပြင်၍ အသုံးပြုသူ တစ်ဦးချင်း၏ သက်ဆိုင်ရာ အချက်အလက်များကို ပြန်လည် ထည့်သွင်းပေးရသော ဝန်ဆောင်မှုကို တာဝန်ယူထားသော ကုမ္ပဏီ ဖြစ်ပါသည်။ ကျွန်တော်က ပြင်ဆင်ပြီး ကွန်ပျူတာများကို အရည်အသွေး ပြန်လည်စစ်ဆေးပေးရသော တာဝန်ဖြစ်ပါသည်။ ပြင်ဆင်ပြီး ကွန်ပျူတာကောင်းမကောင်းနှင့် အသုံးပြုသူ၏ အချက်အလက်များ ပြန်လည်ထည့်သွင်းပေးမှုများ မှန်ကန်မှု ရှိမရှိ စစ်ဆေးရာတွင် သာမန်လူတစ်ဦးအနေဖြင့် ၁ နာရီကြာပါသည်။



တစ်နေ့တွင် ကျွန်တော်တို့အား အလုပ်အပ်သူ ဆေးကုမ္ပဏီတစ်ခုမှ ကွန်ပျူတာအလုံးရေ ၁၂၀၀၀ ကို ပြန်လည် ပြင်ဆင်ပြီး လိုအပ်သည်များကို ပြန်လည် ထည့်သွင်းခြင်းနှင့် သက်ဆိုင်ရာအသုံးပြုသူ တစ်ဦးချင်း၏ အချက်အလက်များ ပြန်လည်ထည့်သွင်းခြင်းကို ရက်သတ္တပတ် ၃ပတ်အတွင်း အပြီးလုပ်ဆောင်ရသော စီမံကိန်း တစ်ခု ချမှတ်လာပါသည်။ သာမန်စဉ်းစားကြည့်မည် ဆိုလျှင် သတ်မှတ်ချိန်အတွင်း ပြီးမြောက်ရန် လူပေါင်း မြောက်မြားစွာ လိုအပ်ပါမည်။ လူတစ်ဦးလျှင် ရက်သတ္တပတ် ၁ပတ်တွင် ကွန်ပျူတာအလုံး ၄၀ သာပြီးနိုင်ပါသည်။ လူဦးရေ ၁၀၀ ရှိမှသာလျှင် တစ်ပတ်လျှင် စက်အလုံး ၄၀၀၀ ပြီး နိုင်ပါသည်။ ထိုလူတစ်ရာမှာ စစ်ဆေးရန် အတွက်သာ ဖြစ်ပါသည်။ ပြင်ဆင်သည့် ဌာနတွင်လည်း လူဦးရေ ၃ ဆခန့် လိုအပ်ပါမည်။ ထိုမျှသော လူဦးရေ အတွက် နေရာထိုင်ခင်း စီစဉ်ပေးရန်မှာ ကုမ္ပဏီအနေဖြင့် အခက်အခဲရှိနိုင်ပါသည်။ ထို့အပြင် ဝန်ထမ်းစရိတ် အမြောက်အမြား ကုန်ကျမည်လည်း ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်တော်သည် ထိုအလုပ်ကို အလိုအလျောက် လုပ်ပေးနိုင်သော ကွန်ပျူတာစနစ်ကို တီထွင်ရန် စိတ်ဆန္ဒ ဖြစ်ပေါ်လာပါသည်။ အထက်အရာရှိကို တင်ပြပြီး ထိုစနစ်ကို စတင် ဖန်တီးခဲ့ပါသည်။ အချုပ်အားဖြင့်ဆိုသော် ထိုစနစ်ကြောင့် လူဦးရေ ၂၅ ယောက်ခန့်ဖြင့် လုပ်ငန်းအားလုံးကို လုပ်ဆောင် အောင်မြင်ခဲ့ပါသည်။ ထိုသို့လုပ်ခဲ့ခြင်းအတွက် ကျွန်တော့်အား ဆုကြေးငွေနှင့် ရာထူးတိုးမြှင့်ပေးခြင်း ခံခဲ့ရပါသည်။ ဦးနှောက်သုံး၍ လုပ်ကိုင်ရာတွင်လည်း ကြိုးစားဖို့ရန် လိုအပ်သည်ကိုလည်း မမေ့သင့်ပါ။ ဦးနှောက်သုံး၍ လုပ်ကိုင်တတ်သော်လည်း မကြိုးစားသော် မည်သည့်အရာမျှ အထမြောက် အောင်မြင်နိုင်မည် မဟုတ်ပေ။